# သုမောင်

## ရိုးရိုးသားသား စာစကား



# စီးပွားရေးကို မျက်စောင်းထိုးခြင်း

ငယ်ငယ်တုန်းက ‘ငါ စီးပွားရေးသမား မဟုတ်ဘူး ’ဟူသောစကားကို မကြာမကြာ ဂုဏ်ယူစွာ ပြောတတ်ခဲ့ပါသည် ။ ‘စီးပွားရေးဆိုတာ ဈေးရောင်းတာပါကွာ’ဟူ၍ မချေမငံ ပြောမိခဲ့ပါသည် ။ အနု ပညာလုပ်ငန်းဖြင့် အောင်မြင်ကျော်ကြားနေချိန်ဖြစ်သဖြင့် ငယ်ဂုဏ်ကလေး မောက်သည် လည်း ဖြစ် တန်ရာပါသည် ။

ခု အရွယ်ရလာတော့ ‘စီးပွားရေး’ကို မျက်စောင်းနည်းနည်းထိုးကြည့်တတ်လာသည် ။ တည့် တည့်တော့မကြည့်ရဲသေးပါ။ ငယ်ကြောက်မို့ ထင်ပါရဲ့ ။ ဟုတ်ပ့ါ။ ကျွန်တော်သည် ‘စီးပွားရေး’ကို စိတ် မဝင်စားသူမဟုတ်ခဲ့ပါ။ စိတ်ဝင်စားခဲ့ပါ၏ ။ ကျွန်တော်၏ မသိစိတ်က စီးပွားရေးတွင် မွေ့လျော်ခဲ့ဖူးပါ၏ ။ အမှန်မှာ ကျွန်တော်သည် စီးပွားရေးကိုကြောက်နေခဲ့သူသာဖြစ်ပါသည် ။

ငယ်သူတို့ သည် မိမိ မသိစိတ်က အထင်တကြီးရှိသူများကို အပြင်ပန်းအားဖြင့် ထော်လော် ကန့်လန့်လုပ်တတ်ကြသည် မှာ ဓမ္မတာပါပဲလေ ။ ကျွန်တော်လည်း ဤသို့ပင် ဖြစ်ခဲ့ပါသည် ။

တကယ်တော့ အနုပညာရှင်တို့ သည် မိမိ၏ အသိပညာ၊ အတတ်ပညာတို့ ကိုရင်းနှီး၍ စီးပွားရှာ နေသူများ ပင်မဟုတ်ပါလား။ ‘ငွေကြေးဂရုမစိုက်ပါဘူး’ဆိုသောစကားသည် အပေါ်ယံဖြစ်ပါသည် ။ တကယ်တွင် ငွေကြေးဆိုသောအရာသည် ဤလောကဌ် ပေါ်ပေါက်မလာပါက ‘ငွေကြေးဂရုမစိုက်ပါ ဘူး’ဟူသောစကားသည် လည်း ပေါ်ပေါက်လာစရာအကြောင်းမရှိတော့ပါ။ ကြားခံဂတ္ထု၊ အသုံးခံဂတ္ထု တစ်ခုကို ကျွန်တော်တို့ ဘာကြောင့်စကားထဲ ထည့်ပြောနေကြပါသနည်း။

ခုနေခါ ကျွန်တော် နားလည်သလောက် ပြောရလျှင် စီးပွားရေးဆိုသ

ည် မှာ စီးဆင်းနေသော အရာတို့ ကို ပွားများ အောင်ဆောင်ရွက်ခြင်းပင် ဖြစ်သည် ဟူ၏ ။ ထိုအရာသည် ငွေလည်း ဖြစ်ချင်ဖြစ်မည်။ ရွှေလည်း ဖြစ်ချင်ဖြစ်မည်။ ဆန်စပါးလည်း ဖြစ်ချင်ဖြစ်မည်။ အသုံးခံပစ္စည်း အမျိုးမျိုးဖြစ်နိုင်ပေသည် ။

ထိုအခါ ကျွန်တော်ဖြတ်သန်းခဲ့သော အနုပညာလမ်းကြောင်းပေါ်တွင် စီးပွားရေးသဘောများ မြောက်မြားစွာပါဝင်နေသည် ကို သတိပြုလာမိပါတော့သည် ။

ရိုးရိုးသားသား ပြောကြကြေးဆိုလျှင် ကျွန်တော်၏ တစ်သက်နှင့်တစ်ကိုယ် အနုပညာကြေး သို့ မဟုတ် ဉာဏ်ပူဇော်ခကို ကိုယ့်ဘက်ကစတင်၍ သတ်မှတ်တောင်းဆိုခြင်းမရှိခဲ့ဖူးပါ။ နည်းသွားမှာ /များ သွားမှာကို စိုးရိမ်တာလည်း ပါပါသည် ။ နှုတ်မရဲတာလည်း ပါပါသည် ။ အနုပညာဈေးကွက်ကို လေ့လာ မိတာကတော့ အဓိကအကျဆုံးဖြစ်ပါလိမ့်မည်။ ဘာပဲဖြစ်ဖြစ် သည့်အတွက် ကျွန်တော့်ဘက်က ဆုံးရှုံး ရတာ တွေရှိသလို အကျိုးအမြတ်ရတာ တွေလည်း ဒုန်နဲ့ ဒေးပါ။ ဆုံးရှုံးရတာ ကတော့ မသမာလောဘသား ငွေသမားတွေကြောင့်ဖြစ်သည် ။ သူတို့ က ကျွန်တော်လိုအနုပညာသမားမျိုးကို အလွန်ခံတွင်းတွေ့နိုင် သည် ။ မမေးခင်ကတည်းက ဈေးဆစ်ပြီးသားဖြစ်နေတာကြောင့်ပင်။ ထိုအခါမျိုးတွင် သူတို့ သည် ကျွန် တော်နှင့်ခေတ်ပြိုင်အနုပညာသည် များ ၏ ဈေး/ဉာဏ်ပူဇော်ခကို ပါးစပ်ထဲတွေ့ရာပြောကြပါပေသည် ။ စုံစမ်းမထားသော ကျွန်တော်ကလည်း ဟုတ်သည် ပဲ ထင်ခဲ့ပါသည် ။

တစ်ခါ ကျွန်တော့်ဘက်က အကျိုးအမြတ်ကတော့...။

'ရိုးရိုးသားသားပြောရရင် ကျွန်တော့်ဈေး ကျွန်တော်မဖြတ်တတ်ဘူးဗျာ။ ကျွန်တော့်တန်ဖိုးကို ငွေကြေးနဲ့ ဘယ်လိုတိုင်းတာရမယ်ဆိုတာ ခင်

ဗျားတို့ ပိုသိမှာ ပါ။ ကြည့်လုပ်ကြတာပေါ့'

ထိုစကားတစ်ခွန်းနှင့်ပင် မလျှော့မတင်းသောဈေးဖြင့် ကျွန်တော်အ လုပ်ဖြစ်ခဲ့သည် များ ရှိနေပါ သည် ။

တကယ်တော့မူ သူတို့ ဘက်ကရော ကျွန်တော့်ဘက်ကပါ ဟန်ကိုယ့် ဖို့ လုပ်နေခြင်းသာ ဖြစ်ပါ သည် ။ ကျွန်တော်က စီးပွားရေးကိုကြောက် သည် ။ သူတို့ က ကျွန်တော့်အနုပညာကိုရှိန်သည် ။ ဒါပဲဖြစ် ပါသည် ။ မည်သို့ပင်ရှိစေ ဤသည် ပင်လျှင် စီးပွားရေးသဘောတစ်ခုဟု ထင်ပါသ ည် ။

ကျွန်တော်သည် အနုပညာပစ္စည်းများ ဖန်တီးရာ၌ ကြီးကြီးကျယ်ကျ ယ်ကိစ္စများကို သိပ်မစဉ်း စားတတ်ပါ။ အသေးအဖွဲကိစ္စများကိုသာ ရှာ ဖွေတင်ပြတတ်ပါသည် ။ ထိုဝိညာဉ်သည် စီးပွားရေးဘက် သို့ ကျွန် တော်မျက်စောင်းလှည့်သောအခါ၌ လည်း စွဲစွဲမြဲမြဲ ကပ်ပါလာခဲ့ပါသည် ။

အသေးစားစီးပွားရေးများကို ကျွန်တော်စတင်လုပ်ကိုင်ပါသည် ။ မိ တ်ဆွေများက စီးပွားရေးကို ကလေးကလေးလုပ်သည် ဟု ကျွန်တော့် အား ကရုဏာဒေါသောဖြစ်ကြသော်လည်း ဝါသနာကို တားလို့ မရပါ။ ကြည့်ပါ။ ကျွန်တော်စတင်လုပ်ကိုင်သောစီးပွားရေးက မော်တော်ကား အရောင်းအဝယ်၊ ကျောက်မျက်ကျောက်ပွင့်ကလေးများ အရောင်းအဝ ယ်... စသည် ။ သူတို့ လုပ်ငန်းရှင်ကြီးများ ပြောမယ် ဆိုလည်း ပြောစ ရာပင်။ သို့သော် ကျွန်တော်ကလည်း ကိုယ့်အထွာနှင့်ကိုယ် လုပ်ရသည် ပဲ။ ပြီးတော့ သူတို့လို ကျွန်တော်ကမစွန့်စားရဲပါ။ အနုပညာသည် သည် ရှုံးမှာ အလွန်ကြောက်သောလူစားဖြစ်ပါ သည် ။ အနုပညာသည် ၏ ဘ ဂဝတွင် တန်ဖိုးဖြတ်ငွေကြေးဆိုသည် မှာ ငွေနှင့်ရင်း၍ ရှာရသည် မဟုတ်

။ စိတ်နှင့်ရင်း၍ ရှာရသည် ။ သည် တော့ မိမိ၏ တန်ဖိုးကိုပညာဖြင့် ပေးဆပ်၍ မရသလို ငွေကြေးနှင့်ကျ တော့လည်း နှိုင်းဆ၍ မရနိုင်ပါ။ သို့သော် ရသမျှငွေသည် အမြတ်အစွန်းချည်းပဲကော မဟုတ်ပါလား။

ဤသို့အားဖြင့်ပင် ကျွန်တော်သည် မိသားစုစားဝတ်နေမှု ဖူလုံရေးအတွက် အသေးစားလုပ်ငန်း ကလေးမှာ ကို လုပ်ကိုင်နေခဲ့မိပါသည် ။ ကြည့်စမ်း… ငယ်ငယ်က ကျွန်တော်ပြောခဲ့သည် ‘စီးပွားရေးဆို တာ ဈေးရောင်းတာပါ’ဟု ကိုင်း ခုတော့ ကျွန်တော် ဘာဖြစ်နေပါပြီနည်း။

မည်သို့ပင်ရှိစေ ကျွန်တော်သည် စီးပွားရေးလုပ်မည်ဆိုလျှင် အခြေခံ စီးပွားရေးသမားတစ် ယောက်သာဖြစ်လာနိုင်မည်လို့ ကိုယ့်ဘာသာပင် သိနေပါသည် ။ တစ်ခုတော့ရှိသည် ။

အနုပညာဖြင့် စီးပွားရှာရသော သီးသန့်လုပ်ငန်းကြီးမျိုးဆိုလျှင် တော့ ကျွန်တော်လုပ်ဖြစ် ကောင်းလုပ်ဖြစ်ပါလိမ့်မည်။ သို့မဟုတ် **‘စီးပွားရေး’ဆိုသည် မှာ ‘အနုပညာ’တစ်ခုဖြစ်သည်** ဟူသော သီဝရီသည် မှန်ကန်ပါက ကျွန်တော်အောင်မြင်မည်ဖြစ်ပါသည် ။

လောလောဆယ်တော့မူ ခုနစ်ထောင်တန်ဂီစကီပုလင်းဖြင့် မိတ်ဆွေများကို ဧည့်ခံရင်း အိမ်က တယ်လီဖုန်းတွင် တစ်ခါပြော ၁၀ ကျပ်ဟု စာကပ်ထားသောစီးပွားရေးသမားကြီး တစ်ယောက်ကို ကျွန်တော်သဘောကျနေသည် ကတော့ အမှန်ပင်။

**ခေတ်သစ်စီးပွားရေးမဂ္ဂဇင်း၊ ၁၉၉၉ ခု၊ မေလ**

* * *

# ကဗျာကလေး တစ်ခု

သည် နေ့ စာမူတောင်း၊ နက်ဖြန် စာမူပေးနိုင်သောအဆင့် ကျွန်တော့်တွင် မရှိသေးပါ။ သို့သော် တစ်ခါတစ်ရံမှာ တော့ တစ်နေ့တည်း သုံးလေးပုဒ်ရေးချင်လည်း ရေးဖြစ်သွားတတ်သည် ။ ယခု 'နဂါးဒေး' အတွက်မူ မနေ့က စာမူလာတောင်း၊ သည် နေ့ရေးဖြစ်ခဲ့သည် ။ ပထမဦး ဆုံးအကြိမ်ပါပဲ။ ဘာကြောင့် နည်း။ အစ်ကိုမောင်မြင့်မြတ် မျက်နှာကြောင့်ပဲ ဖြစ်သည် ။ သူက ၁၉၇၃ ခုတွင် ရှုမဝ၌ ကျွန်တော့်ကို စာပေစင်ပေါ် တင်ပေးခဲ့သည် ။

နဂါးဒေးမဂ္ဂဇင်းမာတိကာကို လှန်ကြည့်လိုက်သောအခါ ထူးခြားတာ တစ်ခု သွားတွေ့၏ ။ မောင် ဂဏ္ဍာနှင့်မင်းလူ ညီအစ်ကိုစုံတွဲကို ဆောင်းပါးကဏ္ဍတွင် အတူတွဲ၍ တွေ့ရခြင်းပင် ဖြစ်၏ ။ (ကျွန်တော့် အစ်ကိုနှင့် ကျွန်တော့်ညီပါ)။

မင်းလူကို အရင်လှန်ဖတ်သည် ။ သူ့စာဖတ်ရတာ အမောပြေသည် ။ ပြုံးတုံ့တုံ့ဖြစ်ရသည် ။ အိပ် ခါနီး ဖတ်သည် ဖြစ်သောကြောင့် အမောပြေချင်သည် ။ အိပ်မက်ထဲမှာ ရယ်စရာကလေးတွေ မက်ချင် သည် ။

ဖတ်ကြည့်လိုက်တော့ အကြောင်းအရာက ရိုးရိုးကလေးပါပဲ။ စာရေးဆရာတွေထိုင်သော လက် ဖက်ရည်ဆိုင်သမိုင်းပါ။ အဓိကအကြောင်းအရာကတော့ 'လေထန်ကုန်း'လက်ဖက်ရည်ဆိုင်နာမည်ကို မင်းလူ ပေးခြင်း ဟုတ်မဟုတ်။

'မင်းလူ'ပြီးတော့ 'မောင်ဂဏ္ဍာ'။ သူကတော့ စစ်ဆုတ်ဂျပန်များကို မြန်မာပြောက်ကျားစစ်ဗိုလ် ကလေးက သတ်သင့်မသတ်သင့် စဉ်းစားပုံ။ နောက်ဆုံးဒုက္ခသည် များကို ချမ်းသာပေးလိုက်ပုံ။ ဆောင်းပါးတစ်ပုဒ်ကို အခြေခံ၍ လူမှုရေး၊ စီးပွားရေးစသော အရေးများ ၌ မိမိနှင့်ရန်ဘက်

ဖြစ်ပါစေ။ ကိုယ်က နိုင်ကွက်ကြုံလာလျှင် တစ်ဖက်လူက နိမ့်ပါးနေချိန်နှင့်ကြုံလျှင် အလဲထိုးသင့်မသင့် စဉ်းစား သင့်ကြောင်း ရေးထားပါသည် ။

ပညာမဲ့ကောက်ကျစ်တာ မထူးဆန်း။

ပညာရှိကောက်ကျစ်လျှင် ကြောက်ဖို့ ကောင်းသည် ။

သို့သော် တကယ့်ပညာရှိသည် မကောက်ကျစ်။ ဤသို့ အဆုံးသတ်ထားပါသည် ။ စဉ်းစားဖွယ်၊ အတုယူဖွယ် ဆောင်းပါးတစ်ပုဒ်ဖြစ်သည် ။ 'စာလေး'ဆိုကြပါစို့။

ဆောင်းပါးနှစ်ပုဒ်ဖတ်ပြီးပြီးချင်း ကျွန်တော်ပထမဆုံး သတိထားလိုက်မိသည် မှာ

အတွေ့အကြုံအဖြစ်အပျက်ကလေးတစ်ခု။ ပေါ့ပေါ့ပါးပါး အကြောင်းအရာလေးတစ်ခုကို ပြုံး ထေ့ထေ့ရေးသော မင်းလူက သူ့စာကို '၏ ' 'သည် 'စသော စာအသုံးများ အသုံးပြုထားပြီး လေးနက် သော၊ ပညာပေးဆန်သောစာကိုရေးသူ မောင်ဂဏ္ဍာက 'တယ်' 'မယ်'စသည့် စကားပြောဟန်ကို သုံး ထားခြင်းပင်ဖြစ်သည် ။

ကျွန်တော် စဉ်းစားကြည့်သည် ။ အစ်ကိုကြီးက 'စာလေး'ကို စကားပြောဟန်ဖြင့် သုံးထားခြင်း ပင်ဖြစ်သည် ။

ကျွန်တော် စဉ်းစားကြည့်သည် ။ အစ်ကိုကြီးက စာလေးကို စကားပြောဟန်ဖြင့် ဘာကြောင့် ရေးသနည်း။ ညီငယ်က 'စာပေါ့'ကို စာပေဟန်ဖြင့် ဘာကြောင့်ရေးသနည်း။ (မှတ်ချက်-မင်းလူစာရေး လျှင် စကားပြောဟန်ကို သုံးလေ့မရှိလှပါ။)

ဘာပဲဖြစ်ဖြစ် ထိုနှစ်ပုဒ်ဖတ်အပြီး ကနေ့စာပေလောကတွင်

ဆရာကြီးတော်တော်များများ သည် ‘စာလေး’တွေကို စကားပြောဟန်ဖြင့် ရေးနေတတ်ကြပြီး... ဆရာငယ်တော်တော်များများကမူ ‘စာပေ’ များကိုပင်လဆင် စာပေဟန် (စကားပြေ)ကို အသုံးများ နေကြတာ ဘာကြောင့်နည်းဟု ကျွန်တော် ဆက်၍ စဉ်းစားပါတော့သည် ။ စကားပြောဟန် အသုံးများ လာရခြင်းသည် လေးနက်သော အကြောင်းအချက်များကို တရင်းတနှီးပြောချင်သောကြောင့်လေလား၊ နားဝင်ချိုစေချင်သောကြောင့်လေလား၊ မှတ်မိလွယ်စေချင်သောကြောင့်လေလား စသဖြင့်..

စကားပြေဟန် သို့မဟုတ် စာပေဟန် သုံးနေကြခြင်းဖြစ်သည် လေးနက်စေချင်သောကြောင့် လေလား၊ သတိထားဖတ်စေချင်သောကြောင့် လေလား၊ ခိုင်ခံ့စေချင်သောကြောင့်လေလား စသည် ဖြင့်။

ကျွန်တော်ကတော့ ဘယ်သူ့မှ အပြစ်မမြင်တတ်သူဖြစ်သည် ။

ဘယ်ဟန်ဖြင့်ရေးရေး စာဖတ်သူအတွက် အကျိုးရှိလျှင်ပြီးတာပါပဲ။

ဆရာသော်တာဆွေဆိုလျှင် စကားပြော စကားပြေရောမွှေရေးတတ်သည် မဟုတ်ပါလား။

တစ်ခုတော့ရှိသည် ။ သမိုင်းတွင် ကျန်ရစ်မည့် စာပေမျိုးကိုတော့ စကားပြောဟန်ဖြင့်ရေးတာ ကျွန်တော်ခံတွင်းမတွေ့ပါ။

ကနေ့ စာပေလောကတွင် အလွန်အဖိုးတန်သော၊ နောင်နှစ်ပေါင်းများ စွာတည်နိုင်သော အကြောင်းအရာများကို စကားပြောဟန်ဖြင့် ရေးနေကြတာတွေ့လျှင် ကျွန်တော်ဂမ်းနည်းသွားတတ်ပါ သည် ။ ဒါလေးတစ်ချက်ပါပဲ။

စကားမစပ် ပြောရဦးမည်။

တစ်ခါက မြို့ကြီးတစ်မြို့ စာပေဟောပြောပွဲတွင် ရေးသူဖတ်သူဆွေးနွေးပွဲလုပ်သည် ။ ထိုပွဲ တွင် ကျွန်တော်လည်း ပါသည် ။ လူငယ်စာပေ သမားလေးတစ်ယောက်က ကျွန်တော့်ကို မေးခွန်းထုတ် သည် ။

ဆရာသုမောင်ခင်ဗျား

ဂ တ ္ဍုတ စ ၤပ ုဒ ၤမ ျ၁ တင်ပြချက်အပိုဒ်တေါကို စကားပြောဟန်ဖြင့်ရေးပြီး စကားပြောခန်းတွေကို စာပေဟန်ဖြင့် ရေးလို့ ရနိုင်ပ့ါမလား။

ဥပမာ-သူဟာ ကျွန်တော့်ကို စိမ်းစိမ်းကြည့်ပါတယ်၊ ပြီးတော့ သူကပြောပါတယ်။

'ကျုပ် သင့်ကိုမုန်းသည် '

သည် လိုရေးလျှင် ဆန်းသစ်မသွားပေဘူးလား။

သည် လို စာပေမျိုးကော ရှိပါသလား။

(+++++)

သူ့မေးခွန်းကို ကျွန်တော်က အောက်ပါအတိုင်း ပြန်ဖြေရပါသည် ။

'ရပါတယ် ခင်ဗျာ၊ ဂတ္ထုဆိုတာ ပုံပြင်က ဆင်းသက်လာတာပါ၊ ဥပမာ... ဟိုးရှေးရှေးတုန်းက ဗာရာဏသီပြည်မှာ ဘုရင်ကြီးတစ်ပါးရှိသတဲ့ ကွယ်၊ တစ်နေ့တော့ သူဟာသားတော်ကို နန်းအပ်ချင် တာနဲ့ ညီလာခံခေါ်သတဲ့ ၊ ပြီးတော့.. အမတ်တွေကိုပြောသတဲ့ ။

'မင်းကြီးများ .. ကျုပ်သည် သက်တော်ကြီးလှလေပြီ။ သားတော်သည် လည်း အရွယ်ရောက်ပေ ပြီ'

ကျွန်တော့်ဖြေကြားချက် မဆုံးခင်မှာ ပင်လျှင် ပရိသတ်များ ရယ်မောသံကိုကောင်းစွာ ကြားလိုက်ရပါသတည်း။

**နဂါးဒေးရသစုံစာပေမဂ္ဂဇင်း၊ ၂၀၀၀ ခု၊ ဖေဖော်ဝါရီလ**

* * *

# စက်တပ်ထားသောစာ

မိမိကိုယ်တိုင်က ကာယကံရှင်ဖြစ်နေသောအချိန်တွင် အဘယ်ကိစ္စမျိုး၌ မဆို ကိုယ့်ဘက်ကိုယ် ယက်မိကြတတ်သည် မှာ ဓမ္မတာပင်ဖြစ်သည် ။ သူခိုးတစ်ယောက်ကပင်လည်း 'မရှိလို့ ခိုးစားတာပါ' ဟု ဆိုပေမည်။ သည့်ထက်တစ်ဆင့်တက်လျှင် သူခိုးသည် မရှိဆင်းရဲသူချင်းထံမှ မခိုးပေ။ ထို့ထက်ကား မတရားသဖြင့် ချမ်းသာနေသူများ ထံမှ ခိုးပြီးဘဝတူဆင်းရဲသားများအား မျှဝေပေးကမ်းသောသူခိုးမျိုး လည်း ပေါ်ပေါက်ဖူးလေ၏ ။ တေက်ပြားစသည် ။

သူခိုးနှင့်ပြောင်းပြန်လှန်၍ ဥပမာပြုရပါလျှင် စာရေးဆဂျာဖြစ်သည် ။ ယေဘုယျအားဖြင့် ဆိုသော် စာရေးဆရာဟူသည် အကောင်းဘက်လုသော ပညာရှင်ဖြစ်သည် ။ တစ်ပါးသူ၏ ငွေကြေးကိုမဆိုထား နှင့် မိမိ၏ ရပိုင်ခွင့်ကိုပင်စွန့်ပြီး ပရဟိတလုပ်သူမှာ ငွေကြေးကိုမဆိုထားနှင့် မိမိ၏ ရပိုင်ခွင့်ကိုပင်စွန့်ပြီး ပရဟိတလုပ်သူမှာ စာရေးဆရာ ဖြစ်၏ ။ ကိုယ်တိုင်က အကောင်းကိုလိုလားသဖြင့် စာရေးဆရာ လုပ် လာကြသလို ပရိသတ်ကရော အခြားပညာရှင်တွေကပါ 'စာရေးဆဂျာ'ဆိုသည့်ပုဒ်ကို 'ဂုဏ်'တစ်ခု အဖြစ် အသိအမှတ်ပြုခဲ့ကြသည် ။ သည် တော့ လူ့သဘာဝအတိုင်း မနောခွေ့ရလေသည် ။ စောစောက ပြောလိုသဖြင့် သူခိုးတောင် ကိုယ့်ဘက်ကိုယ်ယက်သေးတာ စာရေးဆရာလည်း ဘာသားနှင့်ထုထားတာမို့နည်း။ အနုပညာသည် ချင်း အတူတူမှာ ပင် စာရေးဆရာက စာပေ၊ တေးဆရာက ဂီတပန်းချီ ဆရာက ရုပ်ပုံကားချပ် စသည် ဖြင့် မဲခွဲဆုံးဖြတ်သည် မှာ မဆန်းတော့ပေ။ သို့သော် ဌာနစိတ်ချင်းဖြစ် သော ပဋိပက္ခသည် ဌာနကြီးတစ်ခုလုံးနှင့်ဆိုင်လာသောအခါ အသေးအဖွဲပြဿနာ ဖြစ်သွားတတ်ပါ သည် ။ ဆိုကြပါစို့၊ အနုပညာဌာနတစ်ခုတည်း

အောက်ရှိ ရုပ်ရှင်၊ သဘင်၊ ဂီတ၊ စာပေ စသည့်အဖွဲ့ အသီးသီးသည် ကိုယ့်ချင်းကိုယ့်ချင်း အဆီအငေါ်မတည့်သည့်တိုင် အခြားဘာသာရပ်တစ်ခုခုနှင့် ရေး ကြီးခွင်ကျယ်ဖြစ်လာလျှင် ကိုယ့်ဘက်ကိုယ်ယက်တွင် သွေးစည်းကြပါသည် ။ သည် နေရာမှာ စာသမား ချင်း၊ ဘာသာရပ်တူချင်း ပေထက်အက္ခရာတင် ဝေဖန်ကြသည် များကို ခြွင်းချက်ထားရပါမည်။ ကောင်း စေလို၍ ပိုင်းခြားသည့်သဘောမို့ဖြစ်သည် ။ ပုဂ္ဂိုလ်အတ္တမနော ဟု ဆိုရပါမည်။ လူဆိုသည် မှာ မိမိကိုယ် ကို နံပါတ်(၁) ဦးစားပေးသော သတ္တဝါမဟုတ်ပါလား။

* * *

ဤစာစုမှာ လည်း စာပေနှင့်ပတ်သက်၍ ရေးသားခြင်းဖြစ်လေရာ စာရေးဆရာတို့ ၏ ခံစားချက်ကိုသာ ဦးတည်ရပေမည်။ အထူးသဖြင့် ကျွန်တော်ကြုံတွေ့ရချက်ကို ပဓာနထားပြီး စာရေးဆရာများ ၏ ယေဘုယျခံစားချက်တွေကို ဖော်ကျူးရပါမည်။

ကျွန်တော်တို့ 'စာသူငယ်'ဘဝ ဆရာ့ဆရာကြီးများ ခေတ်ကောင်းစဉ်ကာလကဆိုလျှင် ဂတ္ထု တစ်ပုဒ်ထွက်ပေါ်ရာ၌ 'ဤဇာတ်လမ်းသည် မည်သူမည်ဝါ၏ ကိုယ်တွေ့ဖြစ်ရပ်မှန်ကို ပြန်လည်ရေး သားပါသည် 'ဟူသော မှတ်ချက်မျိုး ခေတ်စားခဲ့ပါသည် ။ ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ ပရိသတ်ဖြစ် ကောင်းဖြစ်နိုင်သော်လည်း တကယ့်မရှိတွင် စာရေးဆရာများ ထံသို့ စာဖတ်သူက မိမိ၏ ဇာတ်လမ်း ဖြစ် ရပ်မှန်များကို ရေးသားပြောပြပြီး 'အဲဒီ ဇာတ်လမ်းလေး ဂတ္ထုရေးပေးပါ'ဆိုတာမျိုး မကြာမခဏကြုံရပါ သည် ။ ရေးလို့ ကောင်းတာတွေ ရှိသလို ဘယ်လိုမှ

ဂတ္ထုဖြစ်မလာနိုင်တာတွေလည်း ရှိပါသည် ။ သို့ရာ တွင် ကာယကံရှင်ကတော့ ဒါသည် ဂတ္ထုပဲ၊ ဒါကို စာရေးဆရာက မွှမ်းလိုက်လျှင် ဂတ္ထုဖြစ်သွားမှာ ပဲဟု ယူဆပါသည် ။ ဤသို့ ဖြစ်ရသည် မှာ စာရေးဆရာအပေါ် အထင်တကြီးရှိမှု၊ ပဉ္စလက်အတတ်ကို ပိုင်နိုင် သည် ဟူသော ယုံကြည်မှုတို့ ကြောင့် ဖြစ်ပါသည် ။ တစ်ဆက်တည်းမှာ ပင် မိမိတို့ ကိုယ်တိုင်သည် ဖန်တီးနိုင်မှုပညာမရှိသူများ ဟု ရိုးသားစွာဝန်ခံလိုက်ခြင်းပင်ဖြစ်ပါသည် ။

စာရေးဆရာနှင့် သူ၏ စာပေပညာအပေါ် အထင်တကြီးရှိခြင်းသည် မိမိပိုင်နိုင်သော ဘာသာ ရပ်နှင့် အကန့်ခွဲခြားထားခြင်းတစ်မျိုးပင်။ ထိုနည်းလည်းကောင်းပင် စာရေးဆရာများကလည်း မိမိတို့ ရေးသားမည့်ဇာတ်ကြောင်းတွင် ပါဝင်သော လူပုဂ္ဂိုလ်တို့ ၏ အနေအထားနှင့်နောက်ခံအကြောက်တရား သည် မိမိမကျွမ်းကျင်သည့် နယ်ပယ်ဖြစ်ပါက ထိုနယ်ပယ်နှင့်နယ်ခံတို့ ထံသွားရောက်ပြီး စနည်းနာပါ သည် ။ ပညာယူသည် ဆိုပါစို့၊ ထိုအခါမျိုးတွင် လည်း စာရေးဆရာများ သည် ထိုနယ်ခံတို့ထံ ရိုးသားစွာ ပင် ကျိုးနွံခဲ့ကြပါသည် ။ ငါစာရေးဆရာပဲဟု အထက်စီးမနေကြပေ။ တစ်ခေတ်က မိန်းမပျက်များ ဘဝ ကို သရုပ်ဖော်သော စာရေးဆရာများ ထိုအသိုင်းအဝိုင်းသို့ ထဲထဲဝင်ဝင် သွားရောက်ပညာရှာကြတာ ကြားဖူးပါသည် ။ ဆိုလိုသည် မှာ နယ်ပယ်နှင့်ပညာရပ် ခြားနားသွားလျှင် 'သူတစ်လှည့်တပည့်၊ ကိုယ် တစ်လှည့်တပည့်'ပင်။

ခုနောက်ပိုင်းတွင် မူ နယ်ပယ်အသီးသီးသည် ထွေးရောယှက်တင်ဖြစ်လာပါသည် ။ ဘာသာရပ် တစ်ခုနှင့်တစ်ခု ဆက်စပ်နှီးနွှောမှုများ ပြားမြန်ဆန်လာပါသည် ။ နည်းပညာတွေ ခေတ်စားလာသည့် အလျောက် ဘာသာရပ်တစ်ခုခုကို လိုက်စားတတ်မြောက်ဖို့ လွယ်ကူလာသလို နယ်

ပယ်တစ်ခုမှ တစ်ခု ကူးပြောင်းဖို့ တစ်ခုနှင့်တစ်ခု ဆက်စပ်ယူဖို့ လွယ်ကူလာပါသည် ။

ကျွန်တော်၏ သားငယ်သည် စက်မှုလက်မှု ဝါသနာပါသူဖြစ်သော်လည်း ခုနယ်ခါ ကွန်ပျူတာ ဖြင့် သီချင်းစပ်နေပါသည် ။ စက်၏ အကူအညီကိုယူပြီး တေးဂီတကို ဖန်တီးပါသတဲ့ ။ ကွန်ပျူတာဖြင့် ပန်းချီရေးခြင်း၊ ကွန်ပျူတာစပ်တဲ့ ကဗျာတဲ့ ။ မထင်မှတ်ခဲ့မိတာတွေ လက်တွေ့ကြုံနေရပါပြီ။ တလော ကပင် မိတ်ဆွေတစ်ယောက်က သူ့သားငယ် MusicÆnglineer သင်တန်းတက်နေကြောင်း ဂုဏ်ယူ ပြောဆိုရှာပါသည် ။ ချက်ချင်းသဘောပေါက် နားလည်လိုက်ပေမယ့် ဝေါဟာရသုံးပုံကိုတော့ ပြုံးချင်မိပါ သည် ။ ဘယ့်နှယ် 'ဂီတအင်ဂျင်နီယာ' 'အင်ဂျင်နီယာဂီတ' တဲ့ ။ ဒါသည် ကိုယ်က ခေတ်နှောင်းစာပေ သမားဖြစ်တာကြောင့် 'ဝေါဟာရသေ'များကို နားစွဲနေခြင်းဖြစ်သည် ပဲထားပါတော့။ သေချာသည်မှာ စက်ဖြင့်လုပ်သောပစ္စည်းနှင့် လူကဖန်တီးသောအနုပညာကို ဆက်စပ်ပုံမှာ အံ့ဖွယ်ဖြစ်နေပါသည် ။ Hamoney with Contrust ဆိုသောဝေါဟာရသည် အနုနယ်ပယ်မှာ ရှိတာမှန်ပါသည် ။ ဆန့်ကျင်ဘက် တို့လိုက်ဖက်အောင် ပေါင်းစပ်ခြင်းဟု ယူရပါမည်။ ဒါက အနုပညာကိစ္စချင်းမှာသာ သုံးရိုးဖြစ်ပါသည် ။

သို့သော် ခေတ်ကာလနှင့်လိုက်လျောပြီး တီထွင်မှုများ ၊ ခံစားမှုများက ပြောင်းလဲနေပါပြီ။ ညက် ညောစွာကူးပြောင်းမှုရှိသလို ခုန်ပျံကျော်လွှားကူးပြောင်းမှုများ လည်း ရှိနေပါပြီ။ အဓိကကတော့ ခေတ် ၏ မြန်ဆန်ခြင်းပင်ဖြစ်တော့သည် ။ ကျွန်တော်ပြောချင်နေတာက အခြေခံအကြောင်းတရားကို မပိုင်နိုင် ဘဲ ဖွတ်တရွတ်ဆွဲယူဖန်တီးမှုများကြောင့် မူလဂုဏ်တွေ လျော့ပါးကုန်ရခြင်းကိုသာ ဖြစ်ပါသည် ။

အထူးသဖြင့် လက်ဖြင့်လုပ်ရသောအလုပ်ထက် စိတ်ဖြင့်ဖန်တီးရသောအလုပ်က ပိုပြီးလွယ်သ ယောင်ထင်မှတ်လာကြသည် မှာ ကောင်းသောအလားအလာ မဟုတ်ပေ။ စိတ်ကူးဆိုတာ အကန့်အ သတ်မရှိသောအရာမို့ ဈေးပေါသွားမှာ စိုးရိမ်ပါသည် ။ လူ့သဘာဝကလည်း ပင်ပန်းပါမှ အလုပ်ဟု ထင် သည် ။ တကူးတကန့်ဖန်တီးပါမှ တန်ဖိုးကြီးမည်ဟု ထင်သည် ။

တလောဆီကပင် (ရန့်သစ်မဂ္ဂဇင်းမှာ ပါပဲ) ကျွန်တော် ရေးခဲ့ပါသည် ။ 'စက်တပ်ထားသောလူ များ 'ဟူသော ဆောင်းပါးဖြစ်သည် ။ လူတစ်ယောက်၏ အနုပညာ (အဆို)ကို ကာရာအိုကေစက်က အမှတ်ပေးဆုံးဖြတ်သဖြင့် တကယ့်အဆိုရှင်အနုပညာသည် များ ဒုက္ခရောက်ရပုံအကြောင်းဖြစ်သည် ။ တိကျပါမှ တန်ဖိုးရှိသောစက်နှင့် မရေရာမှုပေါ် အခြေခံသော အနုပညာတို့ ၏ ပဋိပက္ခဟု ဆိုချင်ခြင်း ဖြစ်သည် ။

စက်တို့ ၏ သဘာဝမှာ လူတို့ ၏ လုပ်အားကို သက်သာစေခြင်းပင်ဖြစ်သည် ။ လူတို့ ၏ သဘာဝမှာ သက်သာလေလေဖြစ်သည် ။ ထိုအခါ စက်ကို အားကိုးအားထားပြုချင်စိတ်က များ လာတော့သည် ။ သည်တော့ 'မြန်ကောင်းသက်သာ'ကိုလိုက်တော့သည် ။ မြန်တိုင်း၊ သက်သာတိုင်း မကောင်းဆိုတာကို မေ့လျော့သွားပါတော့သည် ။

အထက်ပါကိစ္စရပ်များကို စပ်လျဉ်း၍ ပြောပါမည်။

မနေ့က ကွန်ပျူတာနှင့်ပတ်သက်ပြီး လုပ်ရကိုင်ရမည့်ကိစ္စတစ်ခုပေါ်လာသဖြင့် မြို့ထဲသို့ သွား ပါသည် ။ အိမ်မှာ ကွန်ပျူတာရှိသော်လည်း ကျွန်တော်က ခလုတ်ပင်မဖွင့်တတ်ပါ။ သားသမီးတွေ တတ်သလောက်မှတ်သလောက်နှင့်လည်း လုပ်ရမည့်လုပ်ငန်းက မပြီးနိုင်ပါ။ ကွန်ပျူတာကို အရည် ကျိုသောက်နိုင်သူမှ တတ်နိုင်မှာ မို့ မိတ်ဆွေပညာရှင်ထံ

သွားရခြင်းဖြစ်သည် ။

လမ်းတွင် ကျွန်တော့်မော်တော်ကား ဘီးပေါက်သဖြင့် နီးရာလေထိုးဆိုင်သို့ ဝင်ရပါသည် ။ ထို ဆိုင်မှာ ယခင်ကလည်း ကြုံဖူးနေသဖြင့် ဆိုင်ပုံစံအပြောင်းအလဲကို သတိပြုမိသည် ။ အရင်က တာယာ ဖြုတ်ရာတွင် သံတူရွင်းကဲ့သို့သော ပစ္စည်းများ နှင့် လူကခြေဖြင့်နင်း၊ လက်ဖြင့်ကလန့်ပြီး ဖြုတ်ရသည် ။ ယခုမူ ဘီးအကြီးအသေး အရွယ်အစားအလိုက် သံခွေဖိစက်ဖြင့် တာယာကိုဖြုတ်ပါသည် ။ စက္ကန့်ပိုင်း သာဖြစ်ပါသည် ။ ထိုအလုပ်ကို ချာတိတ်ကလေးတစ်ယောက်က လုပ်နေပြီး ပိုင်ရှင်က ကျွန်တော့်ကို ဧည့်ခံပါသည် ။

'အလုပ်က ကလေးတွေနဲ့ လွှဲထားလို့ ရတော့ ကျွန်တော်က ဂျာနယ်တွေ တော်တော်ဖတ်ဖြစ် နေတယ်ဗျ။ ဆရာသုရဲ့ ဂျာနယ်ဂတ္တုတို (ဆောင်းပါးကိုပြောချင်ပုံရသည် )တွေ ဖတ်လို့ သိပ်ကောင်းတာ ပဲ။ ကျွန်တော့်မှာ လည်း ဒီလေထိုးကျွတ်ဖာလုပ်ငန်းနဲ့ ပတ်သက်ပြီး အတွေ့အကြုံတွေ ၊ ရယ်စရာတွေ အများကြီးရှိပါတယ်။ ဆရာ့လိုမရေးတတ်လို့ သာပေါ့။ ရေးတတ်ရင် အများကြီးရမှာ 'ဟု ရိုးရိုးကြီးပင် ပြောရှာပါသည် ။ သည်လိုဧည့်ထောက်ခံစကားမျိုးတွေ ကြားဖူးပေါင်းများ ပြီဖြစ်သော်လည်း သူ့စကား ကြောင့် မိမိ၏ စာပေအကြောင်းရှာပုံကို ပြန်သုံးသပ်ရမလို ဖြစ်သွားပါသည် ။

သည် လိုနှင့် မြို့ထဲရှိ သူငယ်ချင်းအင်ဂျင်နီယာဆီ ရောက်ခဲ့ပါသည် ။ ကျွန်တော်လိုအပ်သော ကွန်ပျူတာလုပ်ငန်းကို ပြောပြတော့ သူကချက်ချင်းပင် သူ့တပည့်မလေးထံ လွှဲလိုက်ပါသည် ။ ပြီးတော့ မှ ကျွန်တော့်ကိုဧည့်ခံနေပါသည် ။

'ကိုသုရဲ့ ဂျာနယ်ဆောင်းပါးတွေ ဖတ်လို့ ကောင်းတယ်ဗျာ။ ပေါ့ပေါ့

ပါးပါးရှိတယ်။ ဖတ်လို့ ဆုံး တော့မှ ဪ.. ဒါမျိုးငါလည်း ဖြစ်ဖူးသားပဲ လို့ ပြုံးလိုက်ရတယ်။ အင်း.. ရေးတတ်တော့လည်း ဘာ လေးဖြစ်ဖြစ် ကောင်းသွားတာပဲနော်'ဟု ပညာတတ်စကားလှလှကို ဆိုပါသည် ။

တကယ်တော့မူ လမ်းတွင် ကြားခဲ့ရသော လေထိုးဆရာ၏ စကားနှ င့် ယခုကွန်ပျူတာအင်ဂျင် နီယာ၏ စကားတို့ သည် အသွားတူပင်ဖြစ်ပါ သည် ။ စကားလုံးရွေးချယ်မှုသာ ကွာပါသည် ။ ထိုအခါ တစ် ခါတုန်းက ပေါ်ခဲ့ဖူးသော 'ရေးတတ်ရင်ဝတ္ထုဖြစ်တယ်'ဆိုစကားကို ပြန်၍ ကြား ယောင်မိသည် ။ ထိုစဉ်က တော့ စာပေနယ်ပယ်မှာ လှုပ်ခါသွားခဲ့ရလေ သည် ။ ခုနယ်ခါတော့လည်း ဘာမျှမထူးဆန်းတော့ပေ။

သေချာတာတစ်ခုကတော့ ကျွန်တော့်ကို စာသူငယ်ဘဝက ဂယက်ရို က်ခဲ့သော 'အကြောင်း အရာက အရေးကြီးသလော' ရေဟန်ပုံသဏ္ဍာန် က အရေးကြီးသလော'ဆိုသည့် ပဋိပက္ခတွင် ခုလိုပုံ ဖြင့်ရေးဟန်က အ ရေးကြီးသည် ဟု လက်ခံနေကြသလိုဖြစ်တော့သည် ။ ထိုပြဿနာသည် စာပေနယ် ပယ်မှာ အကင်းသေသွားပြီဖြစ်သော်လည်း သာမန်စာဖတ် သူအဖို့ တော့ 'ရေးဟန်' 'အရေးအသား' 'အရေးတတ်ခြင်း'တို့ ကိုသာ စာရေးဆရာ၏ အတတ်ပညာဟု လက်ခံနေကြောင်း ပေါ်လွင်ပါသည် ။ စာ ရေးဆရာတစ်ယောက်အကြောင်းအရာကို ဘယ်လိုရှာမှန်းစဉ်းစားမ နေကြတော့ဘူး ထင်ပါသည် ။

လေထိုးကျွတ်ဖာဆရာသည် နောင်တစ်ချိန်တွင် သူ၏ အတွေ့အကြုံ များကို စာရွက်ပေါ်ချပြီး ရေးဦးမည်လား။

ကွန်ပျူတာအင်ဂျင်နီယာသည် သူကြုံဖူးသောအဖြစ်အပျက်များကို နောင်တစ်ချိန်တွင် ကွန်ပျူ တာထဲထည့်ပြီး ရသစာပေ ဖန်တီးဦးမည် လား။

ဘာပဲဖြစ်ဖြစ် ထိုအတိုင်းဖြစ်လာခဲ့သည် ရှိသော် အင်း.. တစ်မျိုးပေါ့လေ။

**ရန်နံ့သစ်မဂ္ဂဇင်း၊ ၂၀၀၃ ခု၊ ဇူလိုင်လ**

* * *